Shan Women's Action Network

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့
# အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်
# ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့

ယနေ့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့တွင် ရှမ်းအမျိုးသမီး ရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (စွမ်း) မှ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ၊ အကြမ်းဖက်မှုများအားလုံး အဆုံးသတ်ရန်နှင့် ရှမ်းပြည်တွင်းဖြစ်ပွားနေသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအချင်းချင်း ပစ်ခတ်တိုက်ခိုက်နေမှုများ ရပ်တန့်ရန် လေးနက်စွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၂၀၂၀ ခုနှစ်မှစပြီး မြန်မာနိုင်ငံတွင် ကိုးဗစ်ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု စတင်ဖြစ်ပွားခဲ့ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် မြန်မာစစ်တပ်မှ အာဏာသိမ်းမှုဖြစ်ပွားခဲ့သည်။ ၎င်း နိုင်ငံရေးပဋိပက္ခများနှင့် ကိုးဗစ်ရောဂါကူးစက်ပြန့်ပွားမှုများကြောင့် ပြည်သူအများ စားဝတ်နေရေး အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ စစ်အာဏာသိမ်းပြီးနောက်တွင် ငြိမ်းချမ်းစွာ ဆန္ဒပြသောပြည်သူများကို မတရား ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း စသည့်တို့ကို စစ်ကောင်စီက ဆက်တိုက်ကျူးလွန်လာခဲ့သည်။

ဖေဖော်ဝါရီလ (၁) ရက် စစ်အာဏာသိမ်းခဲ့သည့်နေ့ မှစ၍ ယနေ့အထိ၊ စစ်ကောင်စီတပ်၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသူ အမျိုးသမီး (၁၀၀) ခန့်ရှိပါသည်။ ထို့ကြောင့် မိမိတို့အသင်း (စွမ်း) မှ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် အသက်ပေးလှူသွားခဲ့ရသော ပြည်သူများနှင့် အမျိုးသမီး တက်ကြွလှုပ်ရှား သူများအားလုံးကို အထူးဂုဏ်ပြုအပ်ပါသည်။

ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အချင်းချင်းကြား မကြာခဏ ဖြစ်ပွားသည့် တိုက်ပွဲများကြောင့်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ နည်းလမ်းမျိုးစုံဖြင့် စစ်သားသစ် စုဆောင်းမှုများကြောင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ်အတွင်းတွင် ရှမ်းပြည်သူပြည်သားများ တစ်သောင်းနီးပါး မိမိတို့၏ လယ်ယာမြေနှင့် အိုးအိမ်များကို စွန့်ခွာရကာ စစ်ပြေးဒုက္ခသည်ဘဝအဖြစ် ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။ ထို့အပြင် ယခုနှစ်အတွင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၏ မြေမြှုပ်မိုင်းကြောင့် အမျိုးသမီးနှင့် ကလေးသူငယ်များပါ ထိခိုက်မှုရှိလာပြီး မိသားစုဘဝ ဆုံးရှုံးမှုများလည်း ပိုမိုတိုးများလာနေပါသည်။

နိုင်ငံရေးရှုပ်ထွေးမှုနှင့် ရှမ်းပြည်တွင်း လက်နက်ကိုင်များကြား ဖြစ်ပွားနေသော စစ်ပဋိပက္ခများသည် အမျိုးသမီးများနှင့် ကလေးများသူငယ်များ၏ ဘဝလုံခြုံရေးကို ခြိမ်းခြောက်နေသည်။ စစ်ပွဲတွင်း စစ်ဘေးရှောင် ကိုယ်ဝန်ဆောင်အမျိုးသမီးများ မွေးဖွားရန်အခက်အခဲရှိသလို မွေးကင်းစကလေးနှင့် မိခင်များအတွက် နေရာထိုင်ခင်းများ၊ အဟာရရှိသော အစားအစာများ ရရှိရန် ခက်ခဲကျပ်တည်းမှု များကို ရင်ဆိုင်နေကြရပါသည်။

ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ အတွက်လည်း စားနပ်ရိက္ခာ မလုံလောက်မှုများနှင့် ကျန်းမာရေးအတွက် ပိုမိုစိုးရိမ်ရသည့် အခြေအနေရှိနေပါသည်။ အထူးသဖြင့် ကိုဗစ်ကပ်ရောဂါကူးစက်ပြန့်ပွားမှုကြောင့် ကိုဗစ်ကူးစက်ခံ စစ်ဘေးရှောင် ကလေးမွေးပြီးခါစ မိခင်တဦးသည် ကလေးမွေးဖွားပြီး နှစ်နာရီအကြာတွင် သေဆုံးခဲ့ရသည်။

ထို့အပြင် ရှမ်းပြည်မြောက်ပိုင်းနှင့် တောင်ပိုင်းတွင် လက်နက်ကိုင်အဖွဲ့အစည်းများမှ နည်းလမ်းမျိုးစုံဖြင့် စစ်သားသစ် စုဆောင်းမှုများရှိခဲ့ရာ အမျိုးသားများ၊ ကလေးနှင့် အသက်ကြီးသူများပါမကျန် ထွက်ပြေးပုန်းရှောင်နေရပါသည်။ အမျိုးသမီးများသည် သူတို့၏ သား၊ ခင်ပွန်းတို့ ရှောင်ပြေးနေရစဉ်မှာ စိုးရိမ်ပူပန် နေရသလို စားဝတ်နေရေးအတွက် အခက်အခဲများကိုလည်း ရင်ဆိုင်နေကြရသည်။ အိမ်ထောင်စုစားရင်းအရ အိမ်တွင် သားနှင့် ခင်ပွန်းဖြစ်သူတို့ ရှိမနေပါက အိမ်တွင်ရှိနေသော မိခင် သို့မဟုတ် ဇနီးကို အစားထိုး ခေါ်ဆောင်သွားပြီး ထိုအမျိုးသမီးများကို အတင်းအဓမ္မ “လုပ်အားပေး” ခိုင်းစေမှုရှိကြောင်းလည်း ကြားသိရပါသည်။

စစ်အာဏာသိမ်းမှုကြောင့် တရားဥပဒေစိုးမိုးမှု မရှိသည့်ကာလနှင့်အတူ စစ်ပဋိပက္ခ ဖြစ်ပွားနေသည့် နေရာများတွင် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများလည်း ပိုမိုတိုးများလာသည်။ တိုက်ပွဲဖြစ်ပွားသည့်နယ်မြေများတွင် စစ်သားများက အမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာကျူးလွန်မှုများ ကိုလည်း ရင်ဆိုင်ကြရပြီး တရားမျှတမှု ရရှိနိုင်ရန်အတွက် စိုးရိမ်ပူပန်မှုများနှင့် အခက်အခဲများရှိနေပါသည်။ ၎င်းကျူးလွန်သူများသည်လည်း အရေးယူပြစ်ဒဏ်ပေးမှု မရှိပဲ ပြစ်ဒဏ်ကင်းလွတ်ခွင့် ရရှိနေဆဲ ဖြစ်သည်။

ရှမ်းပြည်တွင်းနှင့် အခြားပြည်နယ်အတွင်းဖြစ်ပွားနေသော စစ်ပဋိပက္ခများ အထူးသဖြင့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အချင်းချင်းကြား ဖြစ်ပွားနေသော တိုက်ပွဲများ ရပ်တန့်ရန် ပါဝင်ပါတ်သက် နေသူများအားလုံး တာဝန်အရှိဆုံးဖြစ်သည်။ ရေရှည်တည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေး၊ တိုင်းရင်းသား တန်းတူရေး၊ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံထူထောင်ရေး တို့ကို ရှေးရှုပါက နိုင်ငံရေးအရ အဖြေမရှာနိုင် စရာ အကြောင်းမရှိပါ။

ထိုကြောင့် လက်ရှိဖြစ်ပွားနေသော စစ်ပဋိပက္ခများ ချက်ချင်းရပ်တန့်ရန် နှင့် စစ်ပြေးဒုက္ခသည်များအား ဘဝပြန်လည်ထူထောင်ခွင့်ပေးရန် ရှမ်းပြည်တွင်း စစ်ရေးပဋိပက္ခတွင် ပါဝင်ပတ်သက်နေသူများ၊ အဖွဲ့အစည်းများအားလုံးကို ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (စွမ်း) မှ လေးနက်စွာတိုက်တွန်း နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန်**

ရှမ်းအမျိုးသမီးရေးရာဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း
(+၆၆) ၈၁၃၉၄၂၈၆၈၃